************************************************************

## NCGUB: News on Migrants & Refugees- 29 June, 2009 (English & Burmese)

************************************************************

## HEADLINES

************************************************************

**NEWS ON REFUGEES**

**World Refugee Day observed in Mae Sot**
**Over 50 Rohingya pushed back to Burma**
**DONATED DRY FOOD TO WAR REFUGEE**

************************************************************

ရွှေ့ပြောင်းအလုပ်သမားများသတင်း

**ဝက်တုတ်ကွေး ဖြစ်နိုင်ခြေရှိသူ နိုင်ငံခြားသား အလုပ်သမား ငါးရာကျော်ကို ထိုင်းအစိုးရမှ နယ်စပ်သို့ပြန်ပို့**
**ရနောင်းမြို့တွင် မြန်မာအလုပ်သမားများ ထိုင်းစစ်တပ်တို့၏ ဖမ်းဆီးခြင်းခံရ**
**တနင်္သာရီတိုင်း မှတ်ပုံတင် မဟုတ်ရင် ထိုင်းဘက်ကမ်းသို့ သွားခွင့်မပြု**

ဒုက္ခသည်များသတင်း

**စစ်ပြေးဒုက္ခသည်များအတွက် စားသောက်ကုန်များ လှူဒါန်း**

************************************************************

# NEWS ON REFUGEES

************************************************************

### World Refugee Day observed in Mae Sot

**by Usa Pichai Friday, 26 June 2009 16:20**

Chiang Mai (mizzima) – The United Nation High Commission for Refugees (UNHCR) and related organizations have held activities in honor of World Refugee Day in Mae Sot, a Thai-Burma border town, with the aim of raising awareness and understanding among the Thai population of the vast Burmese migrant and refugee population in the area.

Yoshimi Saita, head of the UNHCR field office in Mae Sot, said in her opening remarks on Wednesday that there is a continuous flow of refugees crossing from Burma into Thailand, particularly, at the moment, those fleeing ongoing fighting in Burma's Thasongyang District. "We thank the Thai government for not forcing those villagers to return home," he said, according to a report in the Thai newspaper Komchadluek on Thursday.

An NGO worker in Tak told Mizzima that activities were organized for two days, June 24th and 25th, with various activities to raise awareness and understanding of local people about refugees.

Tak Province, which includes Mae Sot, is home to some half-dozen refugee camps, servicing primarily a Karen population. The camps are home to over 100,000 people.

The events also aimed to provide information about the organizations that work with refugees about what they do and how they operate. Additionally, there was a photo exhibition on the conditions and problems refugees are facing.

Recently, an Assumption University poll found a lack of knowledge on the part of the Thai population concerning the refugee problem and the role of organizations such as the UNHCR in addressing the situation.

The study, conducted in June, 2009, found a majority confused about the status of refugees, with nearly three-quarters believing refugees are like illegal migrant workers, compared to barely over 20 percent who understood they are people who have fled from war or other risks and recognized by international refugee organizations.

Dr. Noppadol Kannika, Director of the Assumption University Poll Research Center, said that a majority of those sampled are of the opinion that the Thai government, ASEAN and UN are not acting effectively enough to address the refugee problem.

Noppadol added: “It is about 60 years now that Thailand has not signed the UN Convention on Refugee Status, causing refugees in Thailand to not fully receive their basic human rights, such as education and health services and the right to find a job. In contrast, illegal migrants have more rights than the refugees, prompting many refugees to flee from the camps, with some ending up as victims of human traffickers."

He recommends that the Thai government, ASEAN and the UN raise the profile of refugees during the next ASEAN meeting and seek to construct a practical strategy to confront the problem.

First observed in 2001, World Refugee Day falls on June 20th.

http://mizzima.com/news/regional/2364-world-refugee-day-observed-in-mae-sot.html

*************************************************************

**Over 50 Rohingya pushed back to Burma**
**Saturday, 27 June 2009 15:41**

**Teknaf, Bangladesh:** More than 50 Rohingya were pushed back to Burma this week by Bangladesh Rifles (BDR), according to a BDR source from Teknaf.

On Friday, 40 Rohingya ethnic minorities from Burma travelling in two boats were arrested by BDR on Sharpurdip in the morning. They were detained till noon and the men were beaten up. On receiving information, local people from the village went to the spot and requested the BDR personnel to release the Rohingya and send them back to their home land, said Sanmeah from Sharpurdip.

On Sunday, 12 Rohingya were arrested at the Whykong check post while they were proceeding to Chittagong or Cox’s Bazaar for treatment and other purposes. They were unable to process legal papers in Burma given their financial situation and came following an understanding with the Burmese border security forces (Nasaka). The

BDR personnel pushed back them in the evening to Burma.

On Thursday, five Rohingya were arrested by the police in Lama in the Bandarban Hill district when they crossed the border. But, there is no information about them being pushed back, said an elder from Lama.

In Burma, the Rohingya community is discriminated against by the ruling junta. The Rohingya try to escape harassment by the authorities. They give money to cross the border from the Nasaka outpost where they pay 7000 kyats per head. This is how they illegally enter Bangladesh. The BDR arrest Rohingya while crossing the border, riding buses on the highway enroute to Teknaf-Cox's Bazaar, and at the check post. Then the BDR personnel push them back to Burma, said a student who comes to Bangladesh for treatment.

If any Rohingya wishes to cross the border legally, he or she must get a border pass which costs 35,000 kyats, pay 7000 kyats for boat fare and 200 Taka in Teknaf for stamping papers in the entry point. So, the Rohingya are unable to process the border pass, said a trader from Maungdaw who always comes to Bangladesh for business purposes.

http://www.kaladanpress.org/v3/index.php?option=com_content&view=article&id=2031:over-50-rohingya-pushed-back-to-burma&catid=104:june-2009&Itemid=2

*************************************************************

**DONATED DRY FOOD TO WAR REFUGEE**
**Monday, 29 June 2009 06:38**

he FED (GHRE)'s Mae Sod branch staffs went and donated dry food to newly arrived war refugees who are running from their homeland by the offensive of Burmese military troops.

On 16th of this month, the GHRE's staffs went to the temporary shelter with assistant of two Karen men and observed the situation and needs and on 17th, the staffs bought approximately 12,000 baths of rice, cooking oil and salt and donated to those refugees. Two-hundred families of 1044 people came to refuge in the area.

"Because of emergency need, we donated those dry foods as for humanitarian charity". Byana head of GHRE's Mae Sod branch said.

He again added: "Because of emergency needs, we urgently went and gave some assistance for humanitarian aid but not (as part of) a plan or regular program. We offered for those who want to donate especially for those who refuge near Mae Eu Su, a Thai-Karen village".

He also mentioned that he would like to see the Thai Government not push them back occasionally and give more protection instead. "Recently there should be provided basic food and clothes. Thai Government should not to push them back occasionally and should recognize them as war refugees and give more protection because these people could be arrested and tortured and may be used in battle field where

endangered for their lives if they are forced to back across the border to Burma again."

For two weeks, the Burmese military backed Democratic Karen Baddish Alliance (DKBA) offensive against to KNU has caused heavy fighting along the Thai-Burma border and because of those battles almost over 3000 Karen refugees passed Border and refuge in Thai soil.

http://www.ghre.org/en/index.php?option=com_content&view=article&id=225:donated-dry-food-to-war-refugee&catid=1:latest-news&Itemid=70

********************************************************

## ရွှေ့ပြောင်းအလုပ်သမားများသတင်း

********************************************************

## ဝက်တုတ်ကွေး ဖြစ်နိုင်ခြေရှိသူ နိုင်ငံခြားသား အလုပ်သမား ငါးရာကျော်ကို ထိုင်းအစိုးရမှ နယ်စပ်သို့ပြန်ပို့

**Friday, 26 June 2009 18:07**

ဘန်ကောက်မြို့ အိုင်ဒီစီအချုပ်ကြီးမှ ဝက်တုတ်ကွေးဖြစ်နိုင်ခြေရှိသူ နိုင်ငံခြားသား ရာပေါင်းများစွာကို သက်ဆိုင်ရာ နယ်စပ်များသို့ ယမန်နေ့က ပို့ဆောင်လိုက်ကြောင်း ယနေ့ ထိုင်းဘာသာဖြင့် ထုတ်ဝေသော ဒေးလီးနယူး သတင်းစာတွင် ဖေါ်ပြထားသည်။

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို နိုင်ငံများမှ စာရွက်စာတမ်း မပြည့်စုံသော ရွှေ့ပြောင်းအလုပ်သမား ငါးရာကျော်ကို ဘတ်စကားကြီး(၈)စီးဖြင့် ပို့ဆောင်လိုက်သည်ဟု သတင်းစာ၏ မျက်နှာဖုံးတွင် ဖေါ်ပြထားသည်။

ဆေးရုံသို့ သွားရောက်ပြသသော နိုင်ငံခြားသားတစ်ဦးတွင် ဝက်တုတ်ကွေးရောဂါရှိကြောင်း တွေ့ရှိရသဖြင့် ရောနှော ချုပ်နှောင်ထားသော အဆိုပါ အလုပ်သမားများကိုပါ သံသယရှိသဖြင့် ပြန်လည် ပို့ဆောင်ခြင်းဖြစ်သည်။

အဆိုပါ ရာပေါင်းများစွာသော အလုပ်သမားများကို သက်ဆိုင်ရာ နယ်စပ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သော်လည်း ပြစ်မှုကြီးသူများနှင့် မြန်မာအလုပ်သမား (၁၀)ဦး၊ ကမ္ဘောဒီယား(၁၀)ဦး၊ လာအို(၁၀)ဦးတို့ကို ဝက်တုတ်ကွေးရောဂါ ကူစက်ပျံ့နှံ့မှု ရှိ၊ မရှိ သိရှိနိုင်ရန် သီးခြားစီ ခွဲခြား ချုပ်နှောင်ထားပြီး ကျန်းမာရေးအဖွဲ့က အနီးကပ် စောင့်ရှောက်လျှက်ရှိကြောင်း သတင်းစာတွင် ဖေါ်ပြထားသည်။

ထိုင်းနိုင်ငံတွင် နောက်ထပ် ကူးစက်ခံရသူ (၆၉)ဦး ရှိနေပြီး၊ ရောဂါဖြစ်နေသူပေါင်း (၁၀၅၄)ဦး ရှိနေသည်ဟု ထိုင်းကျန်းမာရေးဝန်ကြီးဌာနက တရားဝင် ထုတ်ပြန်ကြေညာထားသည်။ ဒေသတွင်း မလေးရှားနိုင်ငံတွင်(၈၀)ဦး၊ စင်္ကာပူနိုင်ငံတွင်(၂၂၀)ဦး၊ ဗီယက်နမ်တွင်(၅၆)ဦး၊ လာအိုတွင် (၃)ဦး၊ အိန္ဒိယတွင် (၅၉)ဦးနှင့် ဘင်္ဂလားဒေ့ရှ်တွင် (၇)ဦး ရောဂါကူးစက် ခံနေရကြောင်း သတင်းများတွင် ဖေါ်ပြထားသည်။

အလားတူ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်သည်ဟု သံသယဖြစ်ခံရသူမှာ အိန္ဒိယနိုင်ငံသား အမျိုးသား တဦးဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ (၂) နှစ်စာချုပ်ဖြင့် ခေါ်ယူထားသော ပညာရှင်တစ်ဦးဖြစ်ကာ မြန်မာနိုင်ငံသို့ မလာရောက်မီ (A)H1N1 တုပ်ကွေးရောဂါ ဖြစ်ပွားလျှက်ရှိသော ထိုင်းနိုင်ငံတွင် ရက်ပိုင်းမျှ နေထိုင်ခဲ့သူဖြစ်ကြောင်း ဇွန်(၂၆) ရက် နေ့စွဲဖြင့် ယနေ့ ကြာသပတေးနေ့တွင် ဖြန့်ချိသည့် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားသည်။

http://www.ghre.org/mm/index.php?option=com_content&view=article&id=333:2009-06-26-11-09-22&catid=1:latest-news&Itemid=54

*****************************************************************

## ရနောင်းမြို့တွင် မြန်မာအလုပ်သမားများ ထိုင်းစစ်တပ်တို့၏ ဖမ်းဆီးခြင်းခံရ

**Sat 27 Jun 2009, မိမွန်စွန်း, IMNA**

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန် ခိုးဝင်လာသည့် မြန်မာအလုပ်သမား ( ၄၆) ဦးကို ရနောင်းမြို့တွင် ယမန်နေ့ည ၁၁ ခွဲခန့်တွင် ထပ်မံအဖမ်းခံရသည်ဟု သိရသည်။

မြန်မာအလုပ်သမား ( ၄၆) ဦးတို့သည်  ထိုင်းစစ်တပ်တို့၏ ဖမ်းဆီးခြင်းကို ရနောင်းမြို့နှင့် (၂ )  ကီလိုအကွာတွင် အဖမ်းခံရခြင်းဖြစ်သည်။ အဖမ်းခံရသည့် အလုပ်သမားတို့သည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့မှ ဖြစ်သည်ဟု သိရသည်။

"ဒီအလုပ်သမားတွေက ထိုင်းနိုင်ငံထဲကို ဝင်ဖို့အတွက် ပွဲစားတွေက ထိုင်းပုလိပ်နဲ့ညှိနှိုင်းပြီး ပိုက်ဆံပေးထားပြီးသားပါ၊ ဒါပေမယ့် ထိုင်းစစ်သားတွေကတော့ လက်မခံဘူး၊ ဒါကြောင့် အလုပ်သမားတွေကို စစ်တပ်က ဖမ်းတာ" ဟု ထိုင်းထောက်လှမ်းရေးနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

ဇူလိုင်လအတွင်း ထိုင်းအစိုးရ အလုပ်သမားဝန်ကြီးဌာနက ထိုင်နိုင်ငံတွင် တရားမဝင် အလုပ်အလုပ်နေသူများကို အလုပ်သမားလက်မှတ်အသစ် လုပ်ပေးမည်ဖြစ်သည့်အတွက် မြန်မာအလုပ်သမားများ ထိုင်းနိုင်သို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်ရန် ကြိုးပမ်းနေကြသည်ဟု ၄င်းက ဆက်ပြောသည်။

ဇွန်လ ( ၂၂ ) ရက်နေ့ ညနေတွင်လည်း မြန်မာအလုပ်သမားများကို တင်ဆောင်လာသည့် လှေ (၃) စီး၊ ရနောင်းမြို့တွင် အဖမ်းခံရပြီးနောက် ထိုင်းစစ်တပ်တွေက ရနောင်းမြို့မှာ လုံခြုံရေးတင်းကြပ်ထားပါသည်။

"မနေ့ညက အဖမ်းခံရတဲ့ အလုပ်သမားတွေကို ရနောင်းမှာရှိတဲ့ ပွဲစားတွေက ရွေးထုတ်ဖို့အတွက် ကြိုးပမ်းနေကြပါတယ်၊ အလုပ်သမားတစ်ဦးကို ဘတ်ငွေ ( ၃ ) ထောင်ပေးရတယ် " ဟု ရနောင်းမြို့မှာရှိနေသည့် မြန်မာလူမျိုး ပွဲစားတစ်ဦးက ပြောသည်။

မြန်မာအလုပ်သမားများက ရနောင်းမြို့မှတဆင့် ဘန်ကောက်၊ ပူကတ် နှင့် မဟာချိုင်တို့တွင် အလုပ်လုပ်ရန်သွားကြမည်ဖြစ်သည်။

လွန်ခဲ့သည့်မေလကလည်း ရနောင်းမြို့နှင့် ကော့သောင်းမြို့ကြားတွင် လှေမှောက်ပြီးနောက်

မြန်မာအာဏာပိုင်တို့က တနင်္သာရီဒေသခံတို့မှတစ်ပါး အခြားဒေသမှလာသော နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူများကို လှေဖြင့် လုံးဝဖြတ်သန်းခွင့်မပြုပါ။

ယမန်နေ့ညတွင် ကော့သောင်းအာဏာပိုင်တွေက မွန်ပြည်နယ်မှလာသော မြန်မာနိုင်ငံသား ( ၁၀) ဦးကို တနင်္သာရီဒေသသို့ နယ်မြေကျူးကျော်ဝင်ရောက်မှုဖြင့် ဖမ်းဆီးလိုက်သည်ဟု ကော့သောင်းမြို့ခံ တစ်ဦးကပြောသည်။

http://www.monnews-imna.com/burmese/newsupdate.php?ID=439

************************************************************

## တနင်္သာရီတိုင်း မှတ်ပုံတင် မဟုတ်ရင် ထိုင်းဘက်ကမ်းသို့ သွားခွင့်မပြု

**နွယ်လေး။**

**ဇွန်လ ၂၆ ရက်၊ ၂၀၀၉ ခုနှစ်။**

မြန်မာနိုင်ငံတောင်ပိုင်း ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းတွင် တနင်္သာရီ တိုင်း မှတ်ပုံတင် ကိုင်ဆောင်သူမဟုတ်ပါက လူဝင်မှုကြီးကြပ်ရေးဌာန (လဝက) တားမြစ် ခရီးသည် အဖြစ်သတ်မှတ်ပြီး ကော့သောင်း-ရနောင်းသို့ သွားလာခွင့် ပိတ်ပင်ထားသည်။

ထိုင်းနိုင်ငံ တစ်ဘက်ကမ်းရနောင်းသို့ တနင်္သာရီတိုင်း ၆ မျိုးစောင်း မှတ်ပုံတင် ကိုင်ဆောင်သူများကိုသာ ဖြတ် သန်း ဝင်ရောက်ခွင့်ပြုသည်ဟု ကော့သောင်း ဒေသခံ တစ်ဦးက ယခုလိုပြောသည်။

**"ကော့သောင်းကနေ ဟိုဘက်ကမ်း ရနောင်းကူးဖို့နည်းနည်းအခက်အခဲရှိတယ်။ ၆ မျိုးစောင်းက လွဲ ပြီး ကျန်တာ မလုပ်ပေးဘူး။ အာမခံတောင် မလုပ်ပေးဘူး။ အရင်ကလဝက တစ်ဖွဲ့လုံးရှင်းသွားတယ်။ နောက်တဖွဲ့ ရောက်လာတယ်။ အသစ်တွေကြီးပဲခု။ အရင်က အိမ်ထောင်စုနဲ့ မှတ်ပုံတင် ထောက်ခံရင် လွှတ်ပေးတယ်။ ခုကျတော့ အခြေအနေ ကြပ်နေတာ။ ၆ မျိုးစောင်းတောင် ဘယ်နှစ်နာရီကျ ပြန် အဲလို မသကာ်ရင်တောင် လုပ်မပေးဘူး။ "**

ကော့သောင်းခရိုင်ရုံးမှ လူဝင်မှုကြီးကြပ်ရေးဌာန (လဝက)မှ တာဝန်ရှိသူအသစ်များ ယခင်အပတ်ရောက် လာချိန် မှစ၍ ထိုင်းဘက်ကမ်းသို့ သွားလာရေး တင်းကြပ်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံနယ်စပ် ဖြတ်သန်းသွားလာရေး တင်းကြပ်သဖြင့် စီးပွားရေးအခက်အခဲဖြစ်သည်ဟု နောက်ထပ် မြို့ခံ တစ်ဦး က ပြောသည်။

**"အကုန်တမြို့လုံးပဲ။ အဲလိုဖြစ်တော့ စီးပွားရေး တအားကြပ်သွားပြီ။ ဟိုတုန်းက တရက်ဆို လေးငါးရာ လောက်ရတယ်။ မရတာ မရှိဘူး လှေသမားတိုင်း တော်တော်များများရတယ်။ ခုချိန်တော့ တစ်ရာ တစ်ရာကျော် မနည်းရအောင် လုပ်နေရတယ်။ ဆိုင်ကယ်သမားဆို မမေးနဲ့တော့ အုန်နာခ နှစ် ထောင်မနည်း ရှာနေရတယ်။ စီးပွားရေး မတရားကြပ်သွားတယ် အကုန်လုံး။ ကော့သောင်းမြို့ တစ် မြို့လုံးပဲ"** ဟုပြောသည်။

မေလ ၁၈ရက်နေ့တွင် စက်လှေ တိမ်းမှောက်သဖြင့် ခရီးသည်များ သေဆုံးမှု ဖြစ်ပွားပြီး နောက် အခြားနယ်မှ ရောက်လာသူ မသက်ာသည့် ခရီးသည်များကို သက်ဆိုင်ရာ ရပ်ကွက်ရုံးများအလိုက် နေ့စဉ် စစ်ဆေးထိန်းသိမ်း ပြီး နေရပ်ဒေသသို့ ပြန်ပို့ခဲ့သည်။

လူကုန်ကူးမှု ပြဿနာများကြောင့် ယခုဖွန်လဆန်းပိုင်းမှ စပြီး ထိုင်းတစ်ဘက်ကမ်းသို့ တစ်ပတ်စာ သွားရောက် လည်ပတ်ခွင့် လက်မှတ်ကို ကော့သောင်းဗျူဟာမှူးက ပိတ်ပင် ထားသည်။

http://www.nmg-news.com/nmg/news260609a.html

*****************************************************************

## ဒုက္ခသည်များသတင်း

*****************************************************************

### **စစ်ပြေးဒုက္ခသည်များအတွက် စားသောက်ကုန်များ လှူဒါန်း**

**Friday, 26 June 2009 16:47**

မြန်မာစစ်အစိုးရ၏ ထိုးစစ်များကြောင့် ထွက်ပြေးတိမ်းရှောင်လာရသော စစ်ပြေးဒုက္ခသည်များအတွက် လိုအပ်သည့် အခြေခံစားသောက်ကုန်များကို အခြေခံလူထု လူ့အခွင့်အရေး ပညာပေးဌာနလက်အောက်ရှိ မဲဆောက် ရုံးခွဲမှ ဝန်ထမ်းများက သွားရောက်လှူဒါန်းခဲ့ကြသည်။

ယခုလ (၁၆)ရက်နေ့တွင် နယ်မြေခံ ကရင်လူမျိုးနှစ်ဦး၏ အကူအညီဖြင့် ဒုက္ခသည်များ ပုန်းခိုနေရာ ဒေသများသို့ သွားရောက်၍ အခြေအနေများနှင့် လိုအပ်ချက်များကို လေ့လာခဲ့ပြီး (၁၇)ရက်နေ့တွင် အဓိကလိုအပ်သည့် ဆန်၊ ဆီ၊ ဆား စသည့် ကာလတန်ဖိုးဘတ်ငွေ ၁၂၀၀၀ ခန့်ရှိသည့် ကုန်ပစ္စည်းများကို လှူဒန်းခဲ့ခြင်းဖြစ်သည်။

ထိုဒေသတွင် ဒုက္ခသည် လူဦးရေ ၁၀၄၄ ရှိသည့် အိမ်ထောင်စု ၂၀၀ခန့် လာရောက် တိမ်းရှောင်နေကြခြင်း ဖြစ်သည်။

အရေးပေါ်လိုအပ်ချက်ကြောင့် လူသားခြင်း စာနာထောက်ထားသော အားဖြင့် သွားရောက်လှူဒါန်း ပေးခဲ့ခြင်းဖြစ်သည်ဟု မဲဆောက်ရုံးခွဲ တာဝန်ခံ ကိုဗညားမှ အခုလိုရှင်းပြသည်။

"အရေးပေါ်လိုအပ်ချက်ကြောင့် အလျင်စလို သွားပြီး ကူညီပေးခဲ့တာပါ။ လူသားခြင်း စာနာထောက်ထားတဲ့အနေနဲ့ ကူညီပေးခဲ့တာ ဖြစ်ပေမယ့် အစီအစဉ်တခုအနေနဲ့ လုပ်ဖို့တော့ မရှိပါဘူး။ ဒါပေမယ့်လည်း အခြားလှူနိုင် ပေးနိုင်တဲ့သူတွေကိုတော့ ကမ်းလှမ်းထားပါတယ်။ အခါအားလျော်စွာပေါ့နော် လက်ရှိတော့ မယ့်အူစု လို့ခေါ်တဲ့ ထိုင်းကရင်ရွာနဲ့ အနီးမှာရောက်နေတဲ့ ဒုက္ခသည်တွေကို ပို့ပြီးရည်ရွယ်ပါတယ်"

ထိုင်းအစိုးရအနေနဲ့ ဒုက္ခသည်များကို အလျင်စလို ပြန်မပို့ပဲ ကာကွယ်စောင့်ရှောက်မှုများ ပေးစေချင်ကြောင်းလည်း ကိုဗညားမှ ဆက်ပြီးပြောသည်။

“လက်ရှိအခြေအနေတော့ အခြေခံစားသောက်ကုန်နဲ့ အဝတ်အထည်တွေ ပံ့ပိုးပေးဖို့ လိုတဲ့အပြင် ထိုင်းအစိုးရကနေ ဒီစစ်ပြေးဒုက္ခသည်တွေကို အလျင်စလို အတင်းပြန်မပို့ဖို့နဲ့ လိုအပ်ရင် စစ်ပြေးဒုက္ခသည်အဖြစ် အသိအမှတ်ပြုပြီး ကာကွယ်စောင့်ရှောက်စေလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တတွေအနေနဲ့ ပြန်သွားရင် အချိန်မရွေး ဖမ်းဆီးခံရပြီး အသက်အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့ တိုက်ပွဲတွေမှာ အသုံးပြုခြင်း ခံရနိုင်ပါတယ်”

ပြီးခဲ့သည့် နှစ်ပတ်အတွင်း မြန်မာစစ်တပ်နှင့် မဟာမိတ်ပြုထားသော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်ဖွဲ့(DKBA) တပ်များ၏ ထိုးစစ်ဆင်မှုများကြောင့် ထိုင်း- မြန်မာနယ်စပ်တလျှောက်တွင် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့ပြီး ကရင်ဒုက္ခသည် ၃၀၀၀ ကျော်ခန့်သည် နယ်စပ်ဖြတ်ကျော် ထွက်ပြေးကာ ခိုလှုံလာကြခြင်းဖြစ်သည်။

http://www.ghre.org/mm/index.php?option=com_content&view=article&id=332:2009-06-26-09-51-58&catid=1:latest-news&Itemid=54

*****************************************************************